# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# နယ်စပ်ရေးရာဝန်ကြီးဌာန
# နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# ရုံးအမှတ်(၄၂) ၊နေပြည်တော်
# လျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ပါရာထူးနေရာများတွင် ခန့်ထားရန် လျှောက်လွှာ ခေါ်ယူခြင်း ဖြစ်ပါသည်-

| စဉ် | ရာထူး | လစာနှုန်း | လစ်လပ်ဦးရေ |
|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ(၃) | ၁၉၈,၀၀၀-၂,၀၀၀-၂၀၈,၀၀၀ | ၄ နေရာ |
| (ခ) | ပုံဆွဲ-၄ | ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀ | ၅ နေရာ |
| (ဂ) | အငယ်တန်းစာရေး | ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀ | ၅ နေရာ |
| (ဃ) | ယာဉ်မောင်းစက်ပြင်-၅ | ၁၆၂,၀၀၀-၂,၀၀၀-၁၇၂,၀၀၀ | ၃ နေရာ |
| (င) | ရုံးအကူ | ၁၄၄,၀၀၀-၂,၀၀၀-၁၅၄,၀၀၀ | ၅ နေရာ |
| | **စုစုပေါင်း** | | **၂၂ နေရာ** |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အိမ်ထောင်မရှိသူ အမျိုးသား၊ အမျိုးသမီး ဖြစ်ရမည်။

(ဂ) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အသက် ၃၅ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(င) ရွေးချယ်ခံရသူများသည် ဝန်ထမ်းတာဝန်အား အနည်းဆုံး ၅ နှစ် ထမ်းဆောင်ရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismissal)ခြင်း ၊ ရာထူးမှ ထုတ်ပယ်(Removal)ခြင်း ၊ ရာထူးခန့်ထားခြင်း အမိန့်စာမှ ပယ်ဖျက်ခံရခြင်း စသည့် ပုဂ္ဂိုလ်များ လျှောက်ထားခွင့်မရှိပါ။

(ဆ) အငယ်တန်းအင်ဂျင်နီယာ-၃ ခန့်ထားရာ၌ ၎င်းရာထူးနေရာကို ကျောထောက်နောက်ခံပြု၍ အလုပ်သင်အဖြစ် ဦးစွာခန့်ထားပြီး လုပ်ငန်းဆောင်ရွက်မှုအား ကျေနပ်မှုရှိပါက အငယ်တန်းအင်ဂျင်နီယာ-၃ ရာထူးတွင် ဆက်လက်ခန့်ထားပါမည်။

၃။ ရာထူးအလိုက် ပညာအရည်အချင်း သတ်မှတ်ချက်နှင့် အသက်ကန့်သတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | အငယ်တန်း အင်ဂျင်နီယာ(၃) | - | A.G.T.I / B.E ( Civil, Mech, Archi )ဘွဲ့ရရှိပြီးသူများ ဖြစ်ရမည်။ (အသက် ၂၈ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။) |
| (ခ) | ပုံဆွဲ-၄ | - | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ/ A.G.T.I ( Civil, Mech ) ဖြစ်ရမည်။ (အသက် ၂၅ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။) |
| (ဂ) | အငယ်တန်းစာရေး | - | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။( အသက် ၂၆ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။) |
| (ဃ) | ယာဉ်မောင်းစက်ပြင်-၅ | - | ယာဉ်မောင်းလိုင်စင် (ခ) အဆင့်ရှိရမည်။ ယာဉ်မောင်း အတွေ့အကြုံ ၂ နှစ် ရှိသူဖြစ်ရမည်။ ( အသက် ၃၅ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။) |
| (င) | ရုံးအကူ | - | ပညာအရည်အချင်း အထက်တန်းအဆင့်ရှိရမည်။ |

၄။ လျှောက်ထားသူများသည် လျှောက်လွှာများကို နယ်စပ်ရေးရာဝန်ကြီးဌာန Website Page ဖြစ်သော www.moba.gov.mm တွင် ဖော်ပြထားသည့် လျှောက်လွှာပုံစံအား Download ဆွဲပြီး ဖြည့်စွက်ကာ ၂၀-၃-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ moba.ntl95@gmail.com သို့ Online မှ ပေးပို့လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ၂၀-၃-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၅။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ၂၀-၃-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၆။ ဝန်ထမ်းမဟုတ်သူများသည် ဘွဲ့လက်မှတ်၊ ပညာအရည်အချင်းအတွက် ထောက်ခံချက်နှင့် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင် မိတ္တူများနှင့်အတူ လျှောက်ထားရမည်။ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြရန်)။

၇။ သတ်မှတ်ရက်ထက်ကျော်လွန်သော/ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်များနှင့် မကိုက်ညီသူများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ လျှောက်လွှာများအား စိစစ်ပြီး ဖြေဆိုခွင့်ရသူများစာရင်းအား ၂-၄-၂၀၂၄ ရက်နေ့တွင် www.moba.gov.mm Website Page၊ ရုံးအမှတ်(၄၂)၊ နတလဦးစီးဌာန(ရုံးချုပ်) နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများရှိ ကြော်ငြာသင်ပုန်းတို့တွင် ထုတ်ပြန်ကြေညာပေးပါမည်။

၈။ ဖြေဆိုရမည့် ဘာသာရပ်များမှာ အငယ်တန်းစာရေး နေရာအတွက် အင်္ဂလိပ်စာ၊ မြန်မာစာ ၊ အထွေထွေဗဟုသုတနှင့် ကွန်ပျူတာ တို့ဖြစ်သည်။ အငယ်တန်းအင်ဂျင်နီယာ(၃)နှင့် ပုံဆွဲ-၄ ရာထူး လျှောက်ထားသူများအနေဖြင့် အထက်ပါ ဘာသာရပ်များအပြင် အင်ဂျင်နီယာဘာသာရပ်ကိုပါဖြေဆိုရမည်။ စာမေးပွဲ ကျင်းပမည့် နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ဝန်ကြီးဌာန Website Page တွင် အချိန်မီကြိုတင်ကြေညာသွားပါမည်။ ရေးဖြေစာမေးပွဲ အောင်မြင်သူများသည် လူတွေ့စစ်ဆေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာစစ်ဆေးခြင်း ( Psycho Test ) တို့အား ဆက်လက်အစစ်ဆေးခံရပါမည်။

၉။ အသေးစိတ် အချက်အလက်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်းအမှတ်-၀၆၇၃-၄၀၉၃၅၅၊ ၀၆၇၃-၄၀၉၄၀၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန